ဆောင်ဝမ်းကျေးရွာ

ကလောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆောင်ဝမ်းကျေးရွာ၊ ကလောမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
ကျေးရွာအရင်းအမြစ်ပြဓေပုံ၊ ကလောမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကွျမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ **စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းစနစ်များ**

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ**စိုက်ပျိုးမွေးမြူရေး**မဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်**ပြဿနာနှင့်အခက် အခဲများ**

ဇယား ၂၄ **ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

ဇယား ၂၅ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉**သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃**ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသောလူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေး ဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည် ။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှုပေါ်ပေါက်

လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက် လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီ အစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ် ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ် ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဆောင်ဝမ်းကျေးရွာ
ကလောမြို့နယ်

ဆောင်ဝမ်းကျေးရွာသယ်ဇာတပြမြေပုံ၊ ကလောမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက် အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သောနည်းပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်နှင့်တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်ငင်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့်ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဌင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ် မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစား ပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်း လင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍လက်တွေ့ အကောင်အထည်ဖော်ရာ တွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်း အနှီးများပြည့်စုံမှုပေါ်မူတည်၍နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဆောင်ဝမ်းကျေးရွာသည် ကလောမြို့နယ်၊ အောင်ပန်းမြို့နှင့်ညောင်ရွှေအင်းတိန်သွားကားလမ်းဘေးတွင်တည်ရှိသည်။စီးပွားရေးအရအချက်အခြာကျသောအောင်ပန်းမြို့နှင့် (၂၂)မိုင်ကွာဝေးသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့်သွားလာရလွယ်ကူသည်။ကျေးရွာတည်ရှိရာသည် ကုန်း ပြင်မြင့်၊ မြေပြန့်ဖြစ်သည်။ အရှေ့ဖက်တွင်ရွာရှိပြီး၊ အနောက်ဖက်တွင်တောင်တန်းရှိသည်။ အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မ၄၀ကျော်တွင်ရှိသဖြင့်စိုက်ပျိုးရေးလုပ်ငန်းများအတွက်များစွာအထောက်အကူပြုသည်။ ကလောချောင်းရေရရှိသဖြင့်နွေရာသီတွင်လည်းစိုက်ပျိုးနိုင်သည်။ လယ်မြေအသင့်အတင့်ရှိပြီး ယာမြေကပိုများသည်။ ဂျုံ၊ဂျင်း၊အားလူး၊နှမ်း၊မြေပဲ၊ခရမ်းချဉ်သီး စသည်တို့ကို အဓိကစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာ၏ အရှေ့ဖက်တွင် ကလော ချောင်းရှိသဖြင့် စိုက်ပျိုးမြေများအတွက် ရေကိုလွယ်ကူစွာ ရရှိအသုံးပြုနိုင်ကြကာ စိုက်ပျိုးရေးအတွက် အကျိုးဖြစ်ထွန်းသည်။ ကျေးရွာတွင် လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့် ကောင်းမွန်သည်။ စိုက်ပျိုးမြေဧက (၂၆၆)ခန့်ရှိပြီးမိုးစပါးနှင့် နှမ်းသီးနှံများကိုအဓိကစိုက်ပျိုးသည်။ ကျေးရွာတွင်သဘာဝတွင်းထွက်သယံဇာတများမထွက်ရှိပါ။သဲ၊ကျောက်တောင်ရှိသဖြင့်တိုက်အိမ်များကိုဆောက်လုပ်နိုင်ကြသည်။ကျေးရွာအနောက်ဖက် ရှိတောင်တန်းများသည် သဘာဝပေါက်ပင်များစုံလင်စွာ ပေါက်ရောက်ပြီး ကျေးရွာလူထုအတွက်ထင်း၊ဝါး၊သက်ငယ်၊ဆေးဖက်ဝင်အပင်နှင့်နွားစာများရရှိသည်။ၚင်းတောကိုကျေးရွာမှ ထိမ်းသိမ်းထားသဖြင့် စိမ့်စမ်းရေခမ်းခြောက်မှုမရှိဘဲ သောက်သုံးရေ လုံလောက်စွာ ရရှိကြသည်။ စားကျက်မြေသီးသန့်မရှိဘဲ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးသွားပြီဖြစ်သည်။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရများသောအပင်များသာ ရှိသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၅၅)စုနှင့်ကျား(၁၀၆)၊ မ(၁၁၃)ဦးဖြင့်လူဦးရေပေါင်း(၂၁၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ပအိုဝ်လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၆၇.၉%ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် ၀.၉၅%ပိုများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးဖြစ်ပြီးတစ်ရွာလုံး၏ဝင်ငွေအနေအထားမှာသာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအား

လုံး၏၃၉%သည် ဆင်းရဲနှင့်၃၉%သည် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး ၆%သည်ချမ်းသာသည့်အဆင့်၊၂၁%သည်အလယ်အလတ်အဆင့်ရှိကြသည်ဟုသတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကရိယာများပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့်ကျေးရွာစီးပွါးရေးအနေအထားမှာအသင့်အတင့်ကောင်းသည်ဟုပြောနိုင်သည်။ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင်အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ပန်းရံ၊ပါဝင် ဆောင်ရွက်ကြသည်။ယင်းတို့အ နက်ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီးမြေယာအနည်းငယ်မျှပိုင်သောလယ်သမားများ၊လက်လုပ်လက်စား၊စိုက်ပျိုးရေးေ့စားလုပ်သားများနှင့်မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်(၃)အိမ်ရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ အနည်းငယ်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင်နေ့စားအဖြစ်အဓိကဝင်ရောက်လုပ်ကိုင်ကြပြီးလက်သမား၊ပန်းရံလုပ် ငန်း၊ ဈေးဆိုင်ရောင်းလုပ်ငန်းများစသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော(၂၈)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏၃၄% မှာ သူတပါးထံမှ မချေးမငှါးပဲ သုံးလခန့်နှင့်ဖြဖြ%ခန့်မှာ ၃ လမှ ဖြလခန့် သူတပါးထံမှ ချေးငှါးစရာမလိုပဲနပ်မှန်စားသုံးနိုင်ကြကြောင်းတွေ့ရှိရသည်။အကြွေးတင်ရှိမှုတွင်တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးတင်ရှိနေကြသည်။ ချေးငွေအများစုကို ပုဂ္ဂလိကငွေချေးလုပ်ငန်းများ၊ ကျေးရွာသမဝါယမအသင်းနှင့်ကျေးရွာရှိအများပိုင်ရန်ပုံငွေများမှ ချေးယူရရှိကြသည်။ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန် အတွက်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ထိခိုက်သက်ရောက်မှုအမျိုးအစားတွင်သစ်တောပြုန်းတီးမှုကိုသာအသင့်အတင့်အနေအထားတွေ့ရ ပြီး ကျန်အမျိုးအစားများကို နိမ့်သည့် အနေအထားများတွင်သာ တွေ့ရသည်။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအတွက် အုပ်စုအလိုက်ခွဲခြားသတ်မှတ်ရာတွင်လည်း လူငယ်များ၊ဆင်းရဲသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စုနှင့်ဆင်းရဲသည့်နေ့စားအိမ်ထောင်စုများမှာထိခိုက်သက်ရောက်မ နိမ့်ကြောင်းတွေ့ရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအစားအစာပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များအသင့်အတင့်ရှိကြသည်။ကျေးရွာသားများအနေဖြင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကိုကျေးရွာရှိကျေးလက်ကျန်းမာရေးဌာန၊ဆေးပေးခန်းနှင့်အောင်ပန်းတိုက်နယ်ေးရုံတို့တွင်ရရှိနိုင်ကြပြီး(၁၄)မိုင်ခန့်ကွာဝေးပြီးကားလမ်းဖြင့်အလွယ်တကူသွားလာနိုင်သောကလောမြို့နယ်ဆေးရုံသို့သွားရသည်။

ကျေးရွာတွင် ရေတွင်း၊ အဝီစီတွင်း၊ ချောင်းရေ၊ စိမ့်စမ်းရေကို လုံလောက်စွာရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသောရောဂါဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။ သွေးတိုးရောဂါနှင့်ရာသီအကူးအပြောင်းတွင် အဖျားအနာများ ဖြစ်ပွားမှုများသည်။

(ဇ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည်နိမ့်ပါးကြောင်းတွေ့ရှိရပါသည်။သက်ကြီးရွာသားအများစုသည် မူလတန်းပညာရေး ကိုသာရရှိကြပြီးအခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြသည်။အလယ်တန်းနှင့်အထက်တန်းပညာတတ်ဦးရေနည်းပါးသည်။ဘွဲ့ရအရေအတွက်မှာမရှိသလောက်နည်းပါးသည်။ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာရှိမူလတန်းကျောင်းတွင်သင်ကြားနိုင်သဖြင့် မူလတန်းအရွယ်ကလေးများမှာမူ မူလတန်းပညာကိုသင်ကြားကြသည်။ အလယ်တန်း၊ အထက်တန်းကျောင်းပညာတို့အတွက်ရွာနှင့် (၁၄)မိုင်ကွာဝေးသည့်အောင်ပန်းမြို့တို့တွင်တက်ရောက်သင်ကြားနိုင်ကြသည်။သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆိုင်ရာကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းများသည်လည်းအလွန်နည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားနှင့် မိသားစုအတွင်း ကျား/မတို့၏ အခန်းကဏ္ဍမှာ အမျိုးသားများကသာ ဦးဆောင်၍ ဆုံးဖြတ်ကြကြောင်းတွေ့ရသည်။ရပ်ရွာအရေးကိစ္စများတွင်လည်းအမျိုးသားများကသာ ဦးဆောင်ကြသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများနှင့် သားသမီးငယ်များကိုပြုစုထိန်းကျောင်းအပြင်အိမ်၏ စီးပွားရေးလုပ်ငန်းဖြစ်သည့်စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်းဝင်ရောက်လုပ်ကိုင်ကြသည်။ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများအရမူလတန်း၊အလယ်တန်းနှင့်အထက်တန်းများတွင်အမျိုးသမီးများကျောင်းတက်မှုပိုများသည်ကို တွေ့ရသည်။(ကျား၊မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအ တွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။) သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့်အင်အား စိုက်ထုတ်ရမှု တူညီသော်လည်းအမျိုးသမီးများသည်အမျိုးသားများထက်လုပ်အားခလျော့နည်းပြီးရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် မူအမျိုးသမီးများပါဝင်မှုမရှိကြောင်းတွေ့ရပါသည်။အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူအမျိုးသမီးပါဝင်မှုအသင့်အတင့်ရှိကြသည်။ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများကိုမြှင့်တင်ဆောင်ရွက်ပေး ခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေသော ပြင်ပအဖွဲ့အစည်းမရှိပါ။အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပါတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ဂျုံ၊ပန်းနှမ်း၊ကြက်သွန်ဖြူနှင့်ဟင်းသီးဟင်းရွက်ကို အဓိကထား စိုက်ပျိုးကြပြီး တချို့အိမ်ထောင်စုများမှာလက်ဖက်စိုက်ခင်းများရှိသည်။စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးကြသည်။ကျေးရွာတွင်စိုက်ပျိုးရေးဦးစီးဌာနမှကမကထပြုပြီးမျိုးစပါးစိုက်ပျိုးထုတ်လုပ်ရေးဆောင်ရွက်ခြင်း၊သီးနှံစံပြစိုက်ကွက်များနမူနာပြစိုက်ပျိုးခြင်းများရှိသည်။တောင်သူအများစုသည်စိုက်ပျိုးချိန်တွင်တစ်ပြိုင်နက်တည်း စိုက်ပျိုးကြသဖြင့်လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားငှားရမ်းခစျေးကြီးမြင့်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှအလုပ်သမားများကိုငှါးရမ်းရရှိနိုင်ကြကာကုန်ကျစရိတ်မြင့်မားရသည်။ပိုးသတ်ဆေးနှင့်ဓာတ်မြေဩဇာကိုလွယ်ကူစွာဝယ်ယူနိုင်သော်လည်းစျေးနှုန်းကြီးမြင့်နေတတ်သည်။ပိုးသတ်ဆေးအရည်အသွေးမပြည့်ဝမှုကြောင့်ဆေးဖျန်းသော်လည်းမနှိမ်နင်းနိုင်ကြောင်းတွေ့ရသည်။ဖျက်ပိုးကာကွယ်၊နှိမ်နှင်းနည်းကိုလည်းစနစ်တကျတတ်မြောက်မှုမရှိကြပါ။

ကျေးရွာတွင်လယ်ယာသုံးစက်ကိရိယာအနေဖြင့်လက်တွန်းထွန်စက်(၂)လုံးသာပိုင်ဆိုင်မှုရှိသဖြင့်လယ်ယာလုပ်ငန်းကို လူ၊လုပ်အားဖြင့်သာလုပ်ကိုင်ကြရသည်။ ထွန်စက်အပိုင်မရှိသည့် တောင်သူများသည်ငှါးရမ်းထွန်ယက်ကြရာတွင်တစ်နာရီလျှင်၂၀၀၀၀/ကျပ်နှုန်းဖြင့်ငှါးရမ်းထွန်ယက်ရသည်။ ထို့ကြောင့် စျေးနှုန်းသက်သာစွာ ရရှိငှါးရမ်းနိုင်ရေးအတွက် လိုလားနေကြသည်။

ကျေးရွာတွင်ကျွဲ၊နွားမွေးမြူသူအိမ်ထောင်စုအနည်းငယ်ရှိပြီးခိုင်းရန်အတွက်မွေးမြူကြသည်။ဝက်မွေးသူအိမ်ထောင်စုမှာ (၁၄)အိမ်သာရှိပြီး ဒေသမှဝက်မျိုးများကို တစ်အိမ်လျှင် (၁) ကောင်၊ (၂) ကောင်မျှသာမွေးမြူကြသည်။ ဒေသကြက်မွေးသည့်အိမ်ထောင်စုလည်း (၃၉)အိမ် ခန့်သာရှိပြီး တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများ နည်းပါးသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော တိရစ္ဆာန်ရောဂါများရံဖန်ရံခါကျရောက်တတ်သည်။ကျေးရွာတွင်တနိုင်တပိုင်မွေးမြူသည့်အိမ်ထောင်စုအရေအတွက်နှင့်မွေးမြူသည့်ကောင်ရေနည်းပါးသည်။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကိုသာအစဉ်အဆက်လုပ်ကိုင်ကြခြင်း၊ၤငင်းလုပ်ငန်းမှ ဝင်ငွေအထိုက်အလျောက်ရရှိနိုင်ခြင်းနှင့်မွေးမြူရေးလုပ်ငန်းကိုစိတ်ဝင်တစားဆောင်ရွက်လုပ်ကိုင်သူနည်းပါးသည်။မွေးမြူရေးဆိုင်ရာဗဟုသုတနည်းပါးခြင်း၊ကူးစက်ရောဂါအခါအား လျော်စွာကျရောက်တတ်ခြင်းနှင့်ဝင်ငွေရရှိမှုနည်းပါးခြင်းတို့ကြောင့် လည်းမွေးမြူရေးလုပ်ငန်းကိုစိတ်ဝင်စားမှုနည်းကြသည်။ကျေးရွာတွင် ရေမြေအနေအထားနှင့်မွေးမြူရန်နေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းမှအပအခြားအိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ထော်လာဂျီမောင်း၊ အုတ်ရိုက်၊ စျေးဆိုင်ရောင်း၊ လက်သမား၊ပန်းရံလုပ်ငန်းတို့ ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက်တွက်ခြေကိုက်မှုအနည်းအပါးမှအသင့်အတင့်အနေအထားတွင်ရှိသည်။တစ်ချို့ကျပမ်းအလုပ်သမားအချို့သည် လခစားအလုပ်အနေဖြင့်အလုပ်လုပ်ကြသည်။

ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၁၀,၀၀၀/- ကျပ် ရနိုင်ကြသည်။ ကျေးရွာတွင် စပါးနှင့် နှမ်းသီးနှံများကို အဓိက စိုက်ပျိုးကြပြီး ကျေးရွာမှ အလုပ်သမားများ အတွက်

အလုပ်အကိုင် အသင့်အတင့်ရရှိကြသည်။ စပါးနှင့် နှမ်းစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် တစ်နေ့လုပ်အားခကို ပျမ်းမျှ၅,၀၀၀/- မှ ၇,၀၀၀/- ကျပ်အတွင်း ရနိုင်ကြသည်။ တစ်နှစ်အတွင်း အလုပ်လုပ်ရက်ပေါင်းမှ (၃၀ မှ ၄၀)ခန့်ရှိတတ်သည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ်အလားအလာကောင်း တစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင်သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သည့်(အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည့်သင်တန်းများရှိသော်လည်း စိတ်ဝင်စားမှုနည်းပါးခြင်း၊ သင်တန်းစရိတ်ခက်ခဲခြင်း၊ ဈေးကွက်နည်းပါးခြင်းတို့ကြောင့်ရွာသားအများစုသည်အဆိုပါသင်တန်းများကိုတက်ရောက်သင်ကြားမှုနည်း ပါးကြသည်။ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အပြင်လုပ်ငန်းအတွေ့အကြုံလည်း မရှိကြသောကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်တွင်ရရှိမှု နည်းသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ခါတုမြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့်မြေဆီလွှာအရည်အသွေးကျဆင်းလာကာသီးနှံအထွက်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်။ တောင်သူများအနေဖြင့် အလွယ်တကူရနိုင်သော ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့်သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ကျေးရွာတွင် မုန်တိုင်း၊ ငလျင်စသည့် သဘာဝဘေးအန္တရာယ်များကျရောက်လေ့မရှိပါ။မြစ်ချောင်းများမရှိသောကြောင့်(မြေမြင့်သောအပိုင်းတွင်တည်ရှိသဖြင့်)ရေကြီးရေလွှမ်းခြင်းဘေးမှလည်းကင်းဝေးသည်။မိုးဦးကျကာလတွင်လေနီကြမ်းတိုက်ခတ်မှု၊နွေရာသီတွင်တောမီးလောင်ကျွမ်းမှုမှတစ်ဆင့်ကူးစက်နိုင်သည့်ဘေးအန္တရာယ်သာ တခါတရံတွင်ကြုံတွေ့ရတတ်သည်။သို့သော်လည်းမိုးရွာနောက်ကျခြင်း၊မိုးခေါင်ခြင်းနှင့်အချိန်အခါမဲ့မိုးရွာသွန်းခြင်းစသည့်ရာသီဥတုဖေါက်မှုများမှာနှစ်တိုင်းလိုလိုကျရောက်တတ်ပြီးတောင်သူများ၏ စီးပွားရေးကိုများစွာထိခိုက်ပျက်စီးစေသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် ကျေးရွာအတွင်းဆောင်ရွက်နေသော ချေးငွေအဖွဲ့အစည်းများ မရှိဘဲ ဆွေမျိုးများနှင့် မိတ်ဆွေများထံတွင်ချေးယူခြင်းသာရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက်ချေးယူကြပြီးကျေးရွာတွင်ချေးငွေလိုအပ်ချက်နည်းကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများကိုတွေ့ဆုံမေးမြန်းမှုအရ အများစုမှာ လုပ်အားခကြိုယူခြင်းနှင့်အကြွေးတင်ရှိမှုအနည်းငယ် ရှိနေကြကြောင်း တွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိသဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာကိုသင်ယူနိုင်ကြသည်။ ကျောင်းဆောင်မှာ ၁၈၀၀စတုရန်းပေအရွယ်ရှိပြီးသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်း ဖြစ်သည်။ ကျေးရွာရှိစာသင်ကျောင်းကို ၂၀၀၃ ခုနှစ်က

ကျေးရွာထည့်ဝင်မှုဖြင့်ဆောက်လုပ်ခဲ့သည်။ကျောင်းသားဦးရေများပြားလာပြီးလက်ရှိကျောင်းဆောင်ဖြင့်
လုံလောက်မှုမရှိတော့သဖြင့်ကျောင်းဆောင်သစ်တစ်ဆောင်ဆောက်လုပ်ရန်လိုအပ်နေပါသည်။
ရွာသားအားလုံး၏၉၅%မှာရေးတတ်ဖတ်တတ်ကြပြီးအသက်အရွယ်ကြီးသူများမှာဘုန်းကြီးကျောင်းပညာရေး
ကိုရရှိထားကြသည်။ မူလတန်းအောင်ချက်ရာခိုင်နှုန်းလည်း မြင့်မားသည်။ ။ကျောင်းသုံး
ပရိဘောဂလုံလောက်ပြီး မူလတန်းပြဆရာ/မဖဦးရှိပြီး တပည့်ဆရာအချိုးသည်၁၅ဦးရှိသဖြင့်
ကျောင်းဆရာ/မအင်အားလုံလောက်မှုရှိပါသည်။မူလတန်းကျောင်းသားများအတွက်ပြဋ္ဌာန်းစာအုပ်
များနှင့်လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရာတွင်း
ကျေးလက်ဆေးပေးခန်း၊(၁၄)မိုင်ကွာဝေးသည့်အောင်ပန်းတိုက်နယ်ဆေးရုံနှင့်(၁၄) မိုင်ခန့်ဝေးသည့်
ကလောမြို့နယ်ဆေးရုံတို့သို့ ကားလမ်းဖြင့် သွားရောက်ကာ ရရှိနိုင်ကြသည်။ ဆေးဆိုင်များမှာ ကျေးရွာတွင်
မရှိသဖြင့် လိုအပ်ပါက အလွယ်တကူ ဝယ်ယူနိုင်ခြင်းမရှိပါသည်။

သောက်ရေအတွက် မိုးရေနှင့်အများသုံးမြေသားရေကန်ကို သုံးစွဲကြပြီးတစ်နှစ်ပါတ်
လုံး/မိုးတွင်းကာလသာလုံလောက်မှုရှိသည်။တစ်ရွာလုံးနီးပါးတွင်းအိမ်သာဆောက်လုပ်သုံးစွဲပြီးရေ
ရှားပါးမှုကြောင့်ယင်လုံအိမ်သာမသုံးစွဲနိုင်သဖြင့်ရေကြောင့်ဆက်စပ်ဖြစ်ပွါးတတ်သောရောဂါဖြစ်ပွါး မှုများ
သည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး
ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပါ။လူငယ်များ
သည်ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးဘာသာရေးပွဲတော်များတွင်လည်း
(ရိုးရာအကများဖြင့် တင်ဆက်) ပါဝင်ကြသည်။နွေရာသီကျောင်းပိတ်ရက်များတွင် မူလတန်း/အလယ်တန်း
ကျောင်းသားများအား ယဉ်ကျေးလိမ္မာ သင်တန်း၊ စာပေယဉ်ကျေး
မှုသင်တန်းများဖွင့်လှစ်သင်ကြားပေးသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်မူမြောင်းတူး/လမ်း ပြင်ခြင်း
စသည့်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများရှိသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

၂၀၁၄ ခုနှစ်က ကျေးရွာမှ အောင်ပန်းမြို့သွားချဉ်းကပ်လမ်းကို ကျောက်ခင်းပြီး
လမ်းကြိတ်စက်ဖြင့်ကြိတ်ပေးခဲ့ကာအမာခံလမ်းအဖြစ်အသုံးပြုနိုင်သည်။လမ်းပန်းဆက်သွယ်ရေး
ခက်ခဲသဖြင့်လည်း ကျောက်ခင်း လမ်းကို ကွန်ကရစ်လမ်းအဖြစ်ခင်းပေးရန် ကျေးရွာသားများက
လိုလားနေကြပါသည်။ရေလမ်းခရီးအသုံးပြုမှုမရှိပဲလမ်းပန်းဆက်သွယ်ရေးအတွက်မော်တော်ဆိုင်
ကယ်(၇၇)စီး၊ကား(၆)စီးနှင့်နွားလှည်း(၃၁)စီးတို့ကိုအသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင် ဆိုလာစနစ်ကိုသာ အဓိက အသုံးပြုနေရပြီး မိုးအုံ့သောနေ့များတွင် ညအချိန်
မီးမလင်းပါ။ ကျေးရွာမှ လျှပ်စစ်မီးသွယ်တန်းလိုသော်လည်း ငွေကြေးမတတ်နိုင်သဖြင့် အခက်အခဲရှိပါသည်။

ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုစျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်
လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။အိမ်တိုင်းနီးပါးမျှလက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ကျေးရွာတွင်အင်
တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်မျှသာကောင်းမွန်ပြီးအခြားသတင်းအချက်အလက်များအတွက်ချိတ်
ဆက်အသုံးပြုနိုင်သည်။ကျေးရွာတွင်စာကြည့်တိုက်အဆောက်အဦမရှိသေးသော်လည်း
ဖတ်စရာစာအုပ်များရှိသည်။ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး

တစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြသော်လည်း လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်မှု အားနည်းသည်။ အာမခံစနစ်ကိုသိရှိထားသူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည်အောင်ပန်းရဲစခန်းသို့ချိတ်ဆက်နိုင်ပြီးကျေးရွာတွင်ရာဇဝတ်မှုကြီးကြီးမားမားဖြစ်ပွါးခြင်းနည်းပါးသည် / မရှိပါ။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ဆောင်ဝမ်းကျေးရွာသည်ကုန်းမြေမြင့်ဒေသဖြစ်ပြီး၊အောင်ပန်းမြို့နှင့်ညောင်ရွှေအင်းတိန်သွားကားလမ်းဘေးတွင်တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အရ ကောင်းမွန်မှုရှိပြီး၊ တစ် နှစ် ပတ်လုံး လွယ်ကူချောမွေ့ စွာသွားလာနိုင်ပေသည်။

ဆောင်ဝမ်းကျေးရွာနှင့်အနီးဆုံးစျေးမှာ(၂၂)မိုင်ကွာဝေးသည့်အောင်ပန်းစျေးဖြစ်ပြီးလယ်ယာထွက်ကုန်များကိုနေ့တိုင်း/ငါးရက်တစ်စျေးတွင်ရောင်းချနိုင်သည်။လူသုံးကုန်ပစ္စည်း၊စိုက်ပျိုးရေးသုံးပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ဆေးဝါးစသည်တို့စုံလင်စွာရရှိနိုင်ပေသည်။

ကျေးရွာတွင်မီးကိုဆိုလာဖြင့်သာရရှိသည်။မဟာခါတ်အားလိုင်းမှချိတ်ဆက်သုံးစွဲနိုင်ခြင်းမရှိသဖြင့်ြြသဖြင့် ထင်းဖြင့်အသုံးပြုကြပြီး ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်အခက်အခဲဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ်သုတ၊ရသနှင့်သတင်းအစုံအလင်အားမကြည့်နိုင်သဖြင့်၊လူနေမှုအဆင့်အတန်းနိမ့်ကျလျက်ရှိသည်။

လူဦးရေအားလုံး၏ ၆၇.၉%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အလွန်နည်းပြီး ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကိုလေ့ကျင့်သင် ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုး ပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်းလက်လှမ်းမှီနိုင်ကြသည်။ကျေးရွာသားများအနေဖြင့်စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း အောင်ပန်းတိုက်နယ်ဆေးရုံနှင့် ကလောမြို့နယ်ဆေးရုံများသို့သွားရောက် ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်သည်။ ဂျုံ၊ပန်းနှမ်း၊ တို့ကိုအဓိကစိုက်ပျိုးကြပြီး၊ ဘီလူးချောင်းမှ တစ်နှစ်ပတ်လုံးရေရရှိနိုင်ကြခြင်းသည် သီးနှံစိုက်ပျိုးမှုအား လွန်စွာအထောက်အကူဖြစ်စေပေသည်။ ကျေးရွာမှ စိုက်ပျိုးသော ဂျုံ၊ဂျင်းစိမ်းနှင့်အာလူး အမျိုးအစားမှာ အရည်အသွေးကောင်းသဖြင့် ရောင်းပန်းလှပြီးစျေးကောင်းရသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်ကောင်းမွန်ပြီးအခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

လူမှုရေးပရဟိတအသင်းအဖွဲ့များရှိပြီး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စအဝဝအားကူညီ ဆောင်ရွက်မှုများပြုလုပ်ပေးကြသည်။အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။အောင်ပန်းရှိစျေး ဆိုင်များတွင်သွားရောက်လုပ်ကိုင်နိုင်ကြသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတားစိန်ခေါ်မှု အများအပြား မတွေ့ရှိရပေ။သို့သော်ကျေးရွာတွင်ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊အဖွဲ့များကြားတွင်ပူး ပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှုအနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများထပ်မံ မတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်းတွင် ပိုမိုကျရောက်လာကြောင်းသိရှိရသည်။ သို့သော်ထိခိုက်ပျက်စီး ဆုံးရှုံးမှုအထိ မရှိပေ။

ကျေးရွာတွင် မူလတန်းကျောင်းသာတည်ရှိပြီး၊ စာသင်ကျောင်းဆောင်မှာအရည်အသွေး အပိုင်းတွင် အားနည်းမှုရှိပေသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးများအတွက် ၁၄ မိုင်ခန့်ကွာဝေးသောအောင်ပန်းကျေးရွာတွင်သွားရောက်သင်ယူကြသည်။
ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသောကြောင့်အရေးပေါ်ကိစ္စရပ်များတွင်အခြားဒေသ အောင်ပန်းဆေးရုံများသို့ သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှု ရှိတတ်ပေသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်း လမ်းနှင့်ရွာချင်းဆက်လမ်းများပိုမိုလာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေး ပညာသင်တန်းများရရှိခြင်းမှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက် ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေကာ လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်း သား များ အတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အ ထောက်အကူပြုပေမည်။

ခ.၃) ကျေးရွာတွင် စံချိန်မီ သောစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံး အဆောင် ပစ္စည်များအလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။ လိုအပ်ပါက အလယ်တန်း၊ အထက်တန်း အဆင့် ကျောင်းများအထိ ရရှိအောင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး

အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွဲ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း

ကျေးရွာစာသင်ကျောင်းဆောင်များမှာအနည်းငယ်ဟောင်းနွမ်းနေပြီး၊ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့သဖြင့်အရည်အသွေးပိုင်းတွင်အားနည်းမှုရှိသောကြောင့်စံချိန်မီသောစာသင်ကျောင်းဆောင်တစ်ဆောင်နှင့်အားကစားပစ္စည်းအချို့အား သက်ဆိုင်ရာအစိုးရဌာနများ ဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနတို့ မှ တာဝန်ယူ ဆောင်ရွက်ပေးသင့်သည်။

(ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းမှာအနည်းငယ်ကောင်းမွန်မှုမရှိဘဲ၊ မြေသားလမ်းသာ ဖြစ်နေပါသည်။ ကျေးရွာတွင်လည်း ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ထားကြသဖြင့် လမ်းအဆင့်မြှင့် ပြုပြင်ရန်ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြှင့် ပြုပြင်ပေးသင့်ပါသည်။ကျေးရွာချင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း
တစ်ရွာနှင့်တစ်ရွာကုန်စည်ကူးသန်းရောင်းဝယ်မှုပိုမိုမြန်ဆန်လာနိုင်ပြီး၊စီးပွားရေးဖွံ့ဖြိုးမှုအားလွန်စွာအထောက်အကူပြုနိုင်ပေမည်။

(ဃ) စိုက်ပျိုးရေးဆေးနည်းများ စနစ်တကျ အသုံးပြုနိုင်ရန်ဆောင်ရွက်ခြင်း

ဆောင်ဝမ်းကျေးရွာသည်စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသောကျေးရွာတစ်ရွာဖြစ်ပြီး၊တစ်နှစ်ပတ်လုံးစိုက်ပျိုးရေရှိနိုင်သည်။သို့သော်လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ရာသီဥတုဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန်အနည်းငယ်အခက်အခဲကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူသက်ဆိုင်ရာဌာနများဖြစ်ကြသောစက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံးပစ္စည်းကိရိယာရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင်အရစ်ကျစနစ်ဖြင့်ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်းဆောင်ရွက်ပေးသင့်ပါသည်။

ဂ)လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ခြင်း

ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် အနည်းငယ်အလှမ်းဝေးခြင်း၊တောင်ကုန်းမြင့်ဒေသဖြစ်နေခြင်းတို့ကြောင့် လျှပ်စစ်မီးသွယ်တန်းရန်ခက်ခဲလျက်ရှိပါသည်။ကျေးရွာမှာ မြန်မာ့လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ပူပေါင်း၍ လျှပ်စစ်မီး(၃)မိုင်ခန့်သွယ်တန်းဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသည်။ ကျေးရွာလူထုသည် စည်းလုံးညီညွတ်မှုရှိခြင်း၊လုပ်အားပါဝင်မှုရှိခြင်းစသည့် အခြေအနေကောင်းများရှိပါသည်။ ကျေးရွာလျှပ်စစ်မီးသွယ်တန်းပြီးပါက ကျေးရွာထွက်လက်ဖက်ထွက်ကုန်များကို ကုန်ချောထုတ်လုပ်နိုင်ခြင်းနှင့် ပညာရေး၊ကျန်းမာရေး အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။

(ဃ)ကျန်းမာရေးဝန်ထမ်းအိမ်ရာအဆောက်အဦဆောက်လုပ်ခြင်း

ကျေးရွာတွင်ဆေးပေးခန်းဆရာမနေရာထိုင်ခင်းကျဉ်းကျပ်ခြင်း၊ဆေးပစ္စည်းကိရိယာများထားရန်နေရာမရှိခြင်းတို့ကြောင့် ကျန်းမာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန်လိုအပ်လျက်ရှိပါသည်။ကိုယ်ထူကိုယ်ထဆောက်လုပ်ရန်အတွက် ငွေကြေးလုံလောက်မှုမရှိပါထို့ကြောင့် ၂၀၁၈ခုနှစ်တွင်ဆေးခန်းဝန်ထမ်းအိမ်ရာအားကျေးရွာနှင့်ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည်ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်းများသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ် ပေါင်း	ဦးစားပေး အဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ					
	၁။ သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ခြင်း	၉၈	၁	–ရေပိုက်သွယ်တန်းခြင်း	
	၂။ကျေးရွာလမ်း၊တံတားများတည်ဆောက်ခြင်း	၇၀	၅	ကျေးရွာချင်းဆက်လမ်း(၁)မိုင်	
		၇၅	၄	ကျေးရွာတံတား	
ပညာရေး					
စာသင်ကျောင်း	၃။ ပညာအဆင့်မြှင့်တင်ခြင်း	၉၀	၂	– မူလတန်းလွန်ကျောင်းအဆင့်မြှင့်တင်ခြင်း	
		၈၀	၃	– ကျောင်းဆရာ၊ဆရာမဝန်ထမ်းအိမ်ရာ	
စိုက်ပျိုးရေး					
	၄။ စိုက်ပျိုးရေးကဏ္ဍးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း	၅၀	၆	- စိုက်ပျိုးရေးသင်တန်း	

ကျန်းမာရေး

	၅။ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း	၆၀	၆	–ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း
လျှပ်စစ်	၆။လျှပ်စစ်မီးသွယ်တန်းခြင်း	၄၀	၈	–လျှပ်စစ်မီးသွယ်တန်းခြင်း

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ ရေသွယ်တန်းခြင်း	၁	———	———			
၂။ မူလတန်းလွန်ကျောင်းအဆင့်မြှင့်တင်ခြင်း	၂		———	———		
၃။ ကျောင်းဆရာ၊ဆရာမဝန်ထမ်းအိမ်ရာ	၃		———	———		
၄။ ကျေးရွာတံတား	၄			———	———	
၅။ ကျေးရွာလမ်း(၁)မိုင်	၅			———	———	———
၆။ ဆေးပေးခန်းတည်ဆောက်ခြင်း	၆			———	———	
၇။ စိုက်ပျိုးရေးသင်တန်း	၇		———	———	———	———
၈။လျှပ်စစ်မီးသွယ်တန်းခြင်း	၈				———	———

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

